# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 23, 2024 Volume 83, Number 14


၂၃.၁၀.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၁.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၆.၃ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၈.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၆၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၇၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၂.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၂၈၇ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## အင်ဒိုနီးရှားကို မြန်မာ့ဆန်ဖြူ တန်ချိန် ၁၂၀,၀၀၀ ကျော် တင်ပို့ခွင့်ရ



အင်ဒိုနီးရှားနိုင်ငံရဲ့ နိုင်ငံပိုင် စားနပ်ရိက္ခာဝယ်ယူရေးအေဂျင်စီ Bulog က မြန်မာနိုင်ငံကို ဆန်ဖြူတန်ချိန် ၁၂၁,၁၀၀ တင်ပို့ခွင့်တင်ဒါ ပေးအပ်ထားကြောင်း S&P Global ရဲ့ စိုက်ပျိုးစီးပွားသတင်းလွှာမှာ ဖော်ပြထားပါတယ်။

အင်ဒိုနီးရှား Bulogကဝယ်ယူမယ့် ဆန်ဖြူ၅မှတ်ဆန်အတွက် တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၃၉ ဒသမ ၃၄ မှ ၅၇၄ ဒေါ်လာ သတ်မှတ်ထားတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံကနေ တင်ပို့ခွင့်တင်ဒါကို လက်ခံဆောင်ရွက်ပါက သတ်မှတ်ဈေးနှုန်းအတွင်းကနေ တန်ချိန် ၁၂၀,၀၀၀ ကျော်ကို ၄ ကြိမ်ခွဲ ပို့ပေးရမယ်လို့ ဖော်ပြချက်အရ သိရပါတယ်။

ကုန်သွယ်မှုသတင်းအရင်းအမြစ်တွေရဲ့ ပြောဆိုချက်အရ မြန်မာနိုင်ငံကနေ တင်သွင်းမဲ့ လေလံဈေးနှုန်းက အနိမ့်ဆုံးဖြစ်ပြီး ထိုင်းနိုင်ငံရဲ့ ဆန်ဈေးနှုန်းက အမြင့်ဆုံးဖြစ်တယ်လို့ S&P Global က ကိုးကားဖော်ပြပါတယ်။

Bulog ရဲ့ နောက်ဆုံးတင်ဒါမှာ ပါကစ္စတန်နိုင်ငံက ဆန်ဖြူတန်ချိန် ၂၃၈,၁၀၀ အထိ အများဆုံးတင်ပို့ခွင့်ရရှိထားပြီး မြန်မာနိုင်ငံကို တန်ချိန် ၁၂၁,၁၀၀၊ ဗီယက်နမ်ကို တန်ချိန် ၅၉,၀၀၀နဲ့ ထိုင်းကို တန်ချိန် ၃၁,၈၀၀ တင်ပို့ခွင့် ပေးထားပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ ထုတ်ပြန်ချက်အရ ယခုဘဏ္ဍာနှစ် ၆ လတာအတွင်း ပြည်ပဝယ်လက်နိုင်ငံတွေထံ ဆန်နဲ့ ဆန်ကွဲ တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၅၈ သန်း ရရှိထားတာကို သိရှိရပါတယ်။

ဆန်နဲ့ ဆန်ကွဲ အမျိုးအစားနှစ်ခုထဲက ဆန်တင်ပို့မှုကိုကြည့်ရင် ပြည်ပနိုင်ငံ ၁၅ နိုင်ငံက အဓိကဝယ်လိုအားရှိပြီး အဲဒီအထဲမှာ အင်ဒိုနီးရှားနဲ့ တရုတ်တို့က အများဆုံး ဝယ်ယူသူတွေအဖြစ် ရှိနေပါတယ်။

ဆန်ကွဲကိုတော့ ပြည်ပနိုင်ငံ ၁၃ ခုကနေ အများအပြားဝယ်ယူလျက်ရှိပြီး တရုတ်၊ ဘယ်လ်ဂျီယံနဲ့ အင်ဒိုနီးရှားနိုင်ငံတွေကနေ အများဆုံး ဝယ်ယူလျက်ရှိတာကို စာရင်းတွေမှာ တွေ့ရပါတယ်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေနဲ့ ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်အထိ ဘဏ္ဍာနှစ်အတွင်း ဆန်/ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ဖို့ ရည်မှန်းထားပါတယ်။

**Source : BETV Business**

## ရွှေပိတောက်ငါးဈေး၌ ရေချိုထွက်ကုန်များနှင့် ရေငန်ထွက်ကုန်များ ပုံမှန်ဝင်ရောက်နေပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိ



ရန်ကုန်တိုင်း ဒေသကြီး လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသို့ ရေချိုထွက်ကုန်များနှင့် ရေငန်ထွက်ကုန်များ ပုံမှန်ဝင်ရောက်နေပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း ရွှေပိတောက်ငါးဈေးမှ ဈေးတာဝန်ခံ က ပြောပြသည်။

ယခုအခါ ရွှေပိတောက်ငါးဈေးသို့ ရန်ကုန်တိုင်းဒေသကြီး ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ထွက်ရှိသော မွေးမြူရေးနှင့်သဘာဝရေချိုထွက်ကုန် အမျိုးအစားပေါင်း ၃၀ ကျော်နှင့် မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသော ငါးအမျိုးအစားပေါင်း၁၀၀ခန့် နေ့စဉ်ပုံမှန်ဝင်ရောက်ကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

“ ရွှေပိတောက်ငါးဈေးကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာရှိတဲ့ မွေးမြူရေးကန်တွေကနေထွက်ရှိတဲ့ ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခူ၊ ငါးကျည်း၊ငါးကြင်း စတဲ့ ငါးတွေအပါအဝင် ရေချိုငါးအများအပြား နေ့စဉ်ပုံမှန်ဝင်ရောက်နေပါတယ်။

ဒါ့ပြင် ပင်လယ်ကထွက်ရှိတဲ့ ငါးပုဏ္ဏား၊ ငါးပုတ်သင်၊ ပြည်ကြီးငါး၊ ကင်းမွန်၊ ပုစွန်၊ ရွှေငါး၊ မျက်ကျယ်ငါး စတဲ့ငါးတွေအပါအဝင် ရေငန်ငါးအမျိုးအစား တော်တော်များများလည်းဝင်ရောက်နေပါတယ်” ဟု ဈေးတာဝန်ခံက ပြောသည်။

လက်ရှိတွင် ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေထွက်ကုန်ပိဿာ သုံးသိန်းခန့် ဝင်ရောက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများအတွက် လုံလောက်မှုရှိသည့်အပြင် ရန်ကုန်တိုင်း ဒေသကြီး နှင့် နီးစပ်ရာဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။

အဆိုပါရွှေပိတောက်ငါးဈေးတွင် ဈေးရုံပေါင်းရှစ်ရုံရှိပြီးမှတ်ပုံတင်ဆိုင်ခန်းပေါင်း ၄၅၀ နီးပါးနှင့် ပျံ့ကျဆိုင်ခန်းပေါင်း ၁၉၀ ခန့် ဖွင့်လှစ်ထားကာ အထူးသဖြင့် ရေထွက်ကုန်များကို လက်ကားဝယ်ယူလိုသူများ အားထားနေရသော ငါးဈေး ကြီးတစ်ခု ဖြစ်သည်။

ထို့ပြင် ရွှေပိတောက်ငါးဈေး လုံခြုံရေးအတွက်ကိုလည်း လုံခြုံရေးကင်မရာ ၁၄၀ ခန့် တပ်ဆင်ထားကာ တာဝန်ရှိသူများက ၂၄ နာရီ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

Source : https://myawady.net.mm/

## ကြက်သွန်နီ ဝယ်လိုအားကောင်းပြီး ဈေးကွက်မြင့်လာ

ကြက်သွန်နီကို ဝယ်လက်အစုံကနေ ဝယ်လိုအားကောင်းနေတာကြောင့် နယ်ရောရန်ကုန်မှာပါ ကြက်သွန်နီဈေးကွက်မြင့်လာတယ်လို့ ကုန်သည်တွေဆီကသိရပါတယ်။

ကြက်သွန်နီကို ပြည်ပကလည်း ဝယ်လိုအားကောင်းတဲ့အတွက် Export အရည်အသွေးမီတဲ့ အရည်အသွေးကောင်း ကြက်သွန်နီတွေက ဈေးကောင်းပိုရပြီး ပြည်တွင်းသုံး အရည်အသွေးရှိကြက်သွန်နဲ့ အညံ့စတွေလည်း အရောင်းအဝယ်ဖြစ်ပြီး ဈေးမြင့်တက်လာတယ်လို့သိရပါတယ်။

"ပစ္စည်းညံ့တာတောင် အရင်နေ့က ဈေးနှုန်းထက် တက်ရောင်းရတယ်။ ပစ္စည်းကောင်းတာကဈေးပိုရတယ်။ ပစ္စည်းအရည်အသွေးအလိုက် ဈေးနှုန်းကွာဟတယ်။ ဒီအချိန်မှာ Export Quality မီတဲ့ ပစ္စည်းတွေကိုဈေးကောင်းကောင်းပေးပြီး အမိအရဝယ်ကြတယ်။နွေကြက်သွန်ကအလုအယက်ကိုဝယ်ကြတယ်"ဟုမြင်းခြံမှကြက်သွန်ရောင်းဝယ်ရေးလုပ်ကိုင်သူက ပြောပါတယ်။

မြင်းခြံမြို့ပေါ်ရှိ ကြက်သွန်သိုလှောင်ရုံတွေမှာ ကြက်သွန်လက်ကျန်နည်းလာနေသလို ပခုက္ကူမြို့က သိုလှောင်ရုံတွေမှာလည်း လက်ကျန်ကြက်သွန်နီ ကုန်ချိန်ပိဿာ ၈ သိန်းလောက်သာ ရှိတော့တဲ့အတွက်ကြောင့် လည်း ကြက်သွန်ဈေးက မြင့်တက်လာနေတာဖြစ်တယ်လို့သိရပါတယ်။

လက်ရှိ ပခုက္ကူပွဲရုံဈေးကွက်ဆိုရင် ကြက်သွန်နီကအမြင့်ဆုံး တစ်ပိဿာကို ၃၁၀၀ ကျပ်အထိ ဈေးမြင့်တက်လာနေသလို မြင်းခြံမှာဆိုရင်လည်း ကြက်သွန်နီက ၂၄၀၀ ကနေ ၃၀၀၀ ကျပ်အထိ ဈေးတန်းရှိ လာတယ်လို့သိရပါတယ်။

" တောင်သူတွေကလည်း ဈေးကိုထပ်စောင့်နေတဲ့သဘောရှိတယ်။ ကုန်စည်ဒိုင်ကို ကြက်သွန်အဝင်က ထောင်ဂဏန်းနဲ့ တစ်သောင်းကျော်လောက်ပဲရှိတယ်။ ဝင်သမျှအကုန်ပြတ်တယ်။ အရင်ရက်က ရက်ဆိုင်းနဲ့ကို ၃၀၀၀ ဈေးရှိတယ်။ ဒီနေ့တော့ ၃၁၀၀ ထိပေါက်တယ်။ ပြည်ပပို့ဖို့က အရောင်နဲ့အရည်အသွေးကောင်းမှရတယ်" ဟု ပခုက္ကူမြို့နယ် ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးကပြောပါတယ်။

နယ်ကုန်စည်ဒိုင်တွေမှာ ကြက်သွန်ကားတွေ အဝင်နည်းသလို ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်ကိုလည်း ကြက်သွန်ကားအဝင်နည်းပြီး ဈေးကတက်ရိပ်ပြပေမယ့် မိုးသည်းနေတဲ့အခြေအနေတွေနဲ့ ကားတွေထွက်ဖို့ခက်တဲ့ အခြေနေတွေကြောင့် အရောင်းအဝယ်အေးတယ်လို့သိရပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၂၁ ရက်က ဆိပ်ဖြူနဲ့မြင်းခြံကြက်သွန်ကိုသာ ဈေးတန်းဖွင့်ထားပြီး ဆိပ်ဖြူက ၁၅၀၀ မှ ၃၀၀၀ ကျပ်၊ မြင်းခြံကြက်သွန်က ၁၆၀၀ မှ ၃၁၀၀ ကျပ်ရှိနေပါတယ်။

လက်ရှိမှာတော့ ကုန်စည်ဒိုင်တွေကို နွေကြက်သွန်နီတွေသာ ဝင်ရောက်မှုအများဆုံးရှိပြီး မိုးကြက်သွန်နီ ဝင်ရောက်မှုက အလွန်နည်းကြောင်း၊ ဈေးတန်းအနေနဲ့က ၁၃၀၀ မှ ၁၅၀၀ ဝန်းကျင်သာရှိတယ်လို့ သိရပါတယ်။

**Source: (AMIA)**

**Myanma Awba Group**

## အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးသို့ တစ်ရက်လျှင် ဖရဲသီး တန်ချိန် ၃၀၀၀ ကျော် ဝင်ရောက်နေ

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးသို့ မုံရွာ၊ ချောင်းဦး၊ မန္တလေး၊ ရမည်းသင်း၊ မိတ္ထီလာ စသည့်မြို့နယ်များမှ တစ်ရက်လျှင် ဖရဲသီးတန်ချိန် ၃၀၀၀ ကျော် ဝင်ရောက်နေကြောင်း တညင်းကုန်း လက်ကားဈေးရှိ သစ်သီးပွဲရုံများမှ သိရသည်။

" တစ်ရက်ကို ပျမ်းမျှ ဖရဲသီး တန်ချိန် ၃၄၀၀ လောက်အထိ ဝင်ရောက်ပါတယ်။ ဝင်တဲ့ ဖရဲသီးတွေကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့က မြို့တွေကို ပြန်လည်တင်ပို့ရောင်းချပါတယ်၊ အရောင်းအဝယ်

လည်းကောင်းမွန်ပါတယ်၊လက်ရှိဝင်ရောက်နေတဲ့ဖရဲသီးတွေကမိုးဖရဲတွေဖြစ်ပါတယ်”ဟု တညင်းကုန်းလက်ကားဈေးရှိ သစ်သီးပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

အဆိုပါ တညင်းကုန်း လက်ကားဈေးသို့ ရောက်ရှိလာသည့် ဖရဲသီးများအား ဧရာဝတီတိုင်းဒေသကြီးရှိ မော်ကျွန်း၊ ဖျာပုံ၊ ဒေးဒရဲ၊ ဇလွန်၊ ကျောင်းကုန်း၊ အသုတ်၊ ပုသိမ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဥက္ကံ၊ ခရမ်း၊ ပဲခူးတိုင်းဒေသကြီးရှိ ကြို့ပင်ကောက် စသည့် တိုင်းဒေသကြီးများရှိ မြို့များသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ဖရဲစိုက်ပျိုးရာတွင် မိုးဖရဲကို ဇူလိုင်လ၊ ဩဂုတ်လအတွင်း စတင်စိုက်ပျိုးကြပြီး စက်တင်ဘာလ အတွင်း ထွက်ရှိကြောင်း၊ ဆောင်းဖရဲကို အောက်တိုဘာလအတွင်း စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလမှ ဧပြီလအထိ ထွက်ရှိကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ မိုးမြေပဲတစ်ဧက ပျမ်းမျှ ၆၁ တင်းခန့်ထွက်



ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်သည် ရာသီဥတုကောင်းမွန် သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်လျက်ရှိရာ မိုးမြေပဲစိုက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း၊ မိုးမြေပဲကို မေလ တွင်စိုက်ပျိုးပြီး ဩဂုတ်လတွင် လှိုင်လှိုင်တူးဖော်ကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက်မျိုး၊သွင်းအားစု၊ လုပ်သားခအပါအဝင် မြေပဲတစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၆၅၀,၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကပျမ်းမျှ ၆၁ တင်းခန့်ထွက်ရှိကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးချိန်မှ တူးဖော်ချိန်အထိ ရာသီဥတု ကောင်းမွန်မှုကြောင့် မြေပဲအထွက်နှုန်းကောင်းမွန်ကြောင်း၊ဈေးနှုန်းအနေဖြင့် ဒေသတွင်းပေါက်ဈေးမှာ မြေပဲသီးနှံအရည်အသွေး ပေါ်မူတည်၍ မြေပဲတောင့် တစ်တင်းလျှင် ကျပ် ၂၇,၀၀၀-၃၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ကျပ် ၁၀ သိန်း ခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက် အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ကြံခင်းမြို့နယ်အတွင်းမှ ထွက်ရှိသော မြေပဲသီးနှံများ ကို ဒေသခံကုန်သည်များက ဝယ်ယူ ၍ ရန်ကုန်မြို့သို့ တိုက်ရိုက်တင်ပို့ရောင်းချကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## နှစ်နှစ်အတွင်း ကမ္ဘောဒီးယားက ထိုင်းမှဓာတ်အား တိုးမြှင့်တင်သွင်းမည်



ကမ္ဘောဒီးယားက အိမ်နီးချင်း လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ သန့်ရှင်းသောဓာတ်အားမဂ္ဂါဝပ်(၆၀၀) ကျော် တင်သွင်းရန် စီစဉ်နေကြောင်း ဝန်ကြီးက ပြောကြားခဲ့ပြီး စာချုပ်ပါပမာဏထက် ၅၀ရာခိုင်နှုန်း တိုးမြှင့်တင်သွင်းမည်ဖြစ်သည်ဟုသိရသည်။

ဖနွမ်းပင်သည်လာအိုမှနေရောင်ခြည်စွမ်းအင်နှင့် ရေအားလျှပ်စစ်ဓာတ်အား ၃၀၀ မဂ္ဂါဝပ်ကို ၂၀၂၆ ခုနှစ်တွင် စတင်တင်သွင်းမည်ဖြစ်သည်။

ထို့ပြင် လက်ရှိ ဗီယက်နမ်မှတင်သွင်းနေသည့် ဓာတ်အား ၃၀၀ မဂ္ဂါဝပ်ကို နှစ်ဆတိုးမြှင့်မှု တင်သွင်းရန်သဘောတူ ခွင့်ပြုချက်ရလုနီးပါးဖြစ်ကာ ထိုင်းနိုင်ငံမှလည်း နောက်ထပ် ၁၀၀ မဂ္ဂါဝပ်ကိုတင်သွင်းနိုင်ချေရှိသည်ဟု လည်းသိရသည်။

အမေရိကမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုစီမံခန့်ခွဲရေးအဖွဲ့၏အဆိုအရ ကမ္ဘောဒီးယားသည်လက်ရှိတွင် ထိုင်း၊ ဗီယက်နမ် နှင့် လာအိုတို့မှ ဓာတ်အား ၁,၀၃၀ မဂ္ဂါဝပ်ကိုတင်သွင်းလျက်ပြီး အဆိုပါပမာဏသည် နိုင်ငံတွင်း ဓာတ်အားဖြန့်ဖြူးမှုစုစုပေါင်း ပမာဏ၏ လေးပုံတစ်ပုံခန့်ရှိသည်ဟုဆိုသည်။

ထို့ပြင် ဗီယက်နမ်မှ နောက်ထပ် မဂ္ဂါဝပ် ၂၀၀ နှင့် ထိုင်းနိုင်ငံမှ မီဂါဝပ် ၁၀၀ ကျော် ရရှိနိုင်ရန် မျှော်လင့်သည်ဟုလည်း ကမ္ဘောဒီးယားစွမ်းအင်ဝန်ကြီး Rottanak ကပြောကြားခဲ့သည်။

**Source : ဘန်ကောက်ပို့စ်**

https://www.popularmyanmar.com/

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သကြားအကောက်အခွန်များ လျှော့ချပြီးနောက် ဈေးနှုန်းများ ၁၄ Tk ကျဆင်းနိုင်



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အမျိုးသားအခွန်များဘုတ်အဖွဲ့ (NBR) သည် လက်ရှိ သကြားတင်သွင်းမှုဆိုင်ရာ စည်းကြပ်ခွန်ကို ထက်ဝက်လျှော့ချခဲ့ပြီး ၎င်းအား ၁၅ရာခိုင်နှုန်းအထိ လျှော့ချခဲ့ကြောင်း သိရသည်။

မသန့်စင်သောသကြားများအပေါ်တင်သွင်းခွန်ကို တစ်ကီလို လျှင် ၁၁ ဒသမ ၁၈ Tk (Tk= Bangaladesh Taka) လျှော့ချ လိုက်ပြီး သန့်စင်ပြီး သကြားအား တစ်ကီလိုလျှင် ၁၄ ဒသမ ၂၆ Tk လျှော့ချလိုက်ကြောင်း NBR က အောက်တိုလာလ ၄ ရက် (ဗုဒ္ဓဟူးနေ့)တွင်ထုတ်ပြန်သည့်သတင်းထုတ်ပြန်ချက်၌ဖော်ပြထား သည်။

ကမ္ဘာလုံးဆိုင်ရာပဋိပက္ခများ၊ နိုင်ငံရေးမတည်ငြိမ်မှုများ၊ ငွေတန်ဖိုးကျဆင်းမှု၊ မကြာသေးမီက ကျောင်းသားအုံကြွမှုနှင့် ရေလွှမ်းမိုးမှုများကြောင့် ကလေးစားသောက်ကုန်များအပါအဝင် ကုန်ပစ္စည်းတချို့၏ ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

ယင်းအပေါ် တုံ့ပြန်သည့်အနေဖြင့် NBR သည် အလုံးစုံအခြေအနေအား ခွဲခြမ်းစိတ်ဖြာပြီးနောက် သန့်စင်ထားသော သကြားနှင့် မသန့်စင်ထားသောသကြားနှစ်မျိုးလုံးအား အခွန် ၃၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချခြင်းဖြင့် ဈေးကွက်ဈေးနှုန်းတည်ငြိမ်အောင် ကူညီဆောင်ရွက်ရန် အစပျိုးလုပ်ဆောင်ခဲ့သည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

သက်ဆိုင်ရာ NBR ဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦး၏ Business Standard သို့ ပြောကြားချက်အရ လက်ရှိ သကြားတစ်တန်ကို တင်သွင်းသောအကောက်ခွန်သည် ၃၀၀၀ Tk ရှိကြောင်း စည်းမျဉ်းခွန် ၃၀ ရာခိုင်နှုန်း (ယခု ၁၅ ရာခိုင်နှုန်းသို့ လျှော့ချ) အပြင် ၁၅ ရာခိုင်နှုန်းတန်ဖိုး ထပ်တိုးခွန် (VAT) နှင့် ကြိုတင်ခွန် ၅ ရာခိုင်နှုန်း တို့လည်းရှိကြောင်း သိရသည်။

NBR ၏အဆိုအရ ဤဆုံးဖြတ်ချက်သည် အောက်တိုဘာလ ၈ ရက်မှ စတင်အသက်ဝင်မည်ဖြစ်သည်။

ထို့ပြင် ဤလုပ်ရှားမှုသည် တရားမဝင်သကြားမှောင်ခိုမှုတိုက်ခိုက်ရေးကို တွန်းအားပေးရာရောက်ပြီး တရားဝင်တင်သွင်းမှုကို အားပေးရာရောက်ကြောင်း NBR မှ ယုံကြည်ထားသည်။

ကုန်သွယ်ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိဘင်္ဂလားဒေ့ရှ်ကုန်သွယ်မှုနှင့် အကောက်ခွန်ကော်မရှင်သည် မကြာသေးမီက NBR သို့ စာတစ်စောင်ပေးပို့ခဲ့ပြီး သကြား အကောက်ခွန် လျှော့ချရန်တောင်းဆိုခဲ့သည်။

Source:tbsnews.net

DOCA(ရန်ကုန်)

https://www.doca.gov.mm

## ပေကျင်းသည် ယွမ်ငွေကို ကမ္ဘာ့ငွေကြေးအဆင့်ဖြစ်ရန် ရည်မှန်းထားသောကြောင့် ၂၀၂၄ ခုနှစ်၊ ပထမ ၈ လအတွင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် ၂၁ ဒသမ ၁ ရာခိုင်နှုန်း တိုးမြင့်သုံးစွဲခဲ့

၂၀၂၄ ခုနှစ်၊ ပထမ ၈ လအတွင်း တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် ငွေပေး/ငွေယူကိစ္စများ၌ ယွမ်ငွေ သုံးစွဲမှုသည် ပြီးခဲ့သည့်နှစ်ကထက် ၂၁ ဒသမ ၁ ရာခိုင်နှုန်းတိုးလာသောကြောင့် သိသိသာသာတိုးတက်ခဲ့သည် ဟုဆိုနိုင်ကြောင်း တရုတ်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့သည်။

အဆိုပါတိုးတက်မှုသည် ကမ္ဘာ့ကူးသန်းရောင်းဝယ်မှုတွင် ယွမ်ငွေအသုံးပြုမှုမြှင့်တင်ရန် လုပ်ဆောင်နေသော ပေကျင်း၏ မဟာဗျူဟာ ကို ထင်ဟပ်လျက်ရှိကြောင်း၊ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် ယွမ်ငွေ ဖြင့် အရောင်းအဝယ်ပြုလုပ်မှုများသည် ၄၁ ဒသမ ၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၉ ထရီလီယံ)ထိ ရောက်ရှိခဲ့ ကြောင်း၊ ကုန်စည်ကုန်သွယ်မှုနှင့်ပတ်သက်သည့် ငွေပေး/ငွေယူကိစ္စများတွင် နိုင်ငံခြားငွေကြေးများအပါအဝင် ယွမ်ငွေတရားဝင် အသုံးပြုမှုသည် ၂၆ ဒသမ ၅ ရာခိုင်နှုန်း ထိတိုးတက်လာသဖြင့် နိုင်ငံတကာကုန်သွယ်ဖက်များကြားတွင် ယွမ်ငွေလက်ခံ အသုံးပြုမှု တိုးတက်လာခြင်းဖြစ်ကြောင်း South China Morning Post သတင်းဌာနက ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်များအကြား ငွေကြေးဆက်သွယ်မှုအဖွဲ့ (Society for Worldwide Interbank Financial Telecommunication – Swift) ၏ အချက်အလက်များအရ ကမ္ဘာ့ကူးသန်းရောင်းဝယ်မှုများ၌ ယွမ်ငွေပါဝင်မှုသည် ဇူလိုင်လတွင် ၄ ဒသမ ၇၄ ရာခိုင် နှုန်း ရှိရာမှ ဩဂုတ်လတွင် ၄ ဒသမ ၆၉ ရာခိုင်နှုန်း သို့ အနည်းငယ်ကျဆင်းသွားခဲ့ကြောင်း၊ သို့သော် ယွမ်ငွေ ပါဝင်မှု ရာခိုင်နှုန်း သည် ၄ အထက်ကို ၁၀ လ ဆက်တိုက် ထိန်းထားနိုင်ခဲ့သဖြင့် ငွေပေးချေမှုတွင် ကမ္ဘာ့စတုတ္ထအသုံးအများဆုံး ငွေကြေးဖြစ် ကြောင်း သိရသည်။

နိုင်ငံတကာကုန်သွယ်မှုတွင် အမေရိကန်ဒေါ်လာကို ပိုမိုအသုံးပြုလိုမှုက မပြောင်းလဲသော်လည်း ယွမ်ငွေကို ပိုမိုအသုံးပြု စေရန် တရုတ်မှ မဟာဗျူဟာချမှတ်ဆောင်ရွက်နေခြင်းသည် နိုင်ငံရေးအရ လွှမ်းမိုးလိုခြင်းဖြစ်ကြောင်း၊ တရုတ်သည် နိုင်ငံ တကာ ငွေကြေးစနစ်များကို ပြန်လည်ပုံဖော်ရန်နှင့် အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုလျှော့ချရန် ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် စီးပွားဆက်ဆံသည့်နိုင်ငံများ ပိုမိုများပြားလာသည်နှင့်အမျှ ယွမ်ငွေသုံးစွဲမှုတိုးလာကာ ခိုင်မာသောအခန်း ကဏ္ဍမှ ရပ်တည်ပြီး နိုင်ငံတကာကုန်သွယ်မှုနှင့် ကမ္ဘာ့ငွေကြေးအပေါ် အမြင်များ၌ သိသာထင်ရှားသော ပြောင်းလဲမှုများ ဖြစ် ပေါ်စေနိုင်ကြောင်း WION သတင်းဌာနက ဖော်ပြထားသည်။

ထို့ကြောင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် ယွမ်ငွေအသုံးပြုမှု တိုးတက်လာခြင်းသည် ကိန်းဂဏန်းများ တိုးလာရုံသာ မက ကမ္ဘာ့စီးပွားရေးဆက်နွယ်မှုကို ပြန်လည်ပုံဖော်လိုသည့် တရုတ်၏မဟာဗျူဟာမြောက် ဆောင်ရွက်ချက်တစ်ခုဖြစ်ကြောင်း၊ ယင်းဆောင်ရွက်ချက်များ ပြောင်းလဲလာသည်နှင့်အမျှ ကမ္ဘာ့ကူးသန်းရောင်းဝယ်ရေးနှင့် ငွေကြေးကဏ္ဍများတွင် ရေရှည်အကျိုး သက်ရောက်မှုများ ရှိနေမည်ဖြစ်ကြောင်း WION သတင်းဌာနက ဖော်ပြထားသည်ကို တင်ပြလိုက်ရပါသည်။

**Source: WION သတင်းဌာန**

https://commerce.gov.mm

## ထိုင်းနိုင်ငံ၊ ဗန်ကောက်ပြပွဲ၌ ကိုရီးယားပို့ကုန်လုပ်ငန်းရှင်များက ကိုရီးယားထုတ်ကုန်များကို မြှင့်တင်နိုင်ခဲ့

ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ကိုရီးယား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ (Kotra) တို့ ပူးပေါင်း၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် “Seoul Food in Bangkok 2024” ကို ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသည် ကိုရီးယားနှင့် နိုင်ငံတကာ ကုမ္ပဏီများအကြား သတင်းအချက်အလက်ဖလှယ်ရေးကို မြှင့်တင်

ပေးပြီး စက်မှုလုပ်ငန်းရှင်များအနေဖြင့် ကမ္ဘာ့အနှံ့သို့ တိုးချဲ့နိုင်ရေး လုပ်ငန်းအခွင့်အလမ်းများ ရှာဖွေခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် ကိုရီးယားယဉ်ကျေးမှုသည် လွှမ်းမိုးနေသောကြောင့် ကိုရီးယားပို့ကုန်များသည် အလားအလာကောင်းပါကြောင်း၊ ပင်လယ်စာထုတ်ကုန်များ၊ ရေညှိ၊ အသင့်စားခေါက်ဆွဲ၊ အရသာနှင့် ဟင်းရည်စားသောက်ဖွယ်ရာများသည် ထိုင်းနိုင်ငံသို့ တင်ပို့နေသော ထိပ်တန်းပို့ကုန်များဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် ကိုရီးယား ယဉ်ကျေးမှုအတွက် အချက်အခြာဖြစ်သောကြောင့် ထိုင်းနိုင်ငံ၌ ပြပွဲကျင်းပပြုလုပ်ခြင်းသည် ဒေသတွင်းရှိ အခြားသောနိုင်ငံများကိုပါ သက်ရောက်မှုရှိစေမည်ဟု ယုံကြည်ကြောင်း Kotra ညွှန်ကြားရေးမှူးချုပ် Mr. Jung Won Joon က ပြောကြားခဲ့သည်။

B2B ပြပွဲကို ၄ ရက်ကြာကျင်းပခဲ့ပြီး ကိုရီးယား ပို့ကုန်လုပ်ငန်းရှင် ၉၂ ဦး ပါဝင်ပြသခဲ့ပါကြောင်း၊ အရှေ့တောင်အာရှနှင့် တောင်အာရှတို့မှ ဖြန့်ချိရေးကိုယ်စားလှယ် ၃၀၀ ကျော်ပါဝင်ခဲ့ကြပြီး CP Group၊ ဗီယက်နမ် Lotte တို့ကိုလည်း စီးပွားရေးချိတ်ဆက်နိုင်ရေးအတွက် ဖိတ်ကြားခဲ့ပါကြောင်း၊ ကိုရီးယားနှင့် ထိုင်းအစားအစာ ကုမ္ပဏီများအကြား အသင်းအဖွဲ့ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေးအတွက် ထိုင်းကုန်သည်ကြီးများအသင်းနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ B2B ချိတ်ဆက်မှုမှ အမေရိကန်ဒေါ်လာ ၃၀၀ သန်း ရရှိရန် ခန့်မှန်းထားပါကြောင်း၊ လာမည့်နှစ်တွင် ဒုတိယအကြိမ် ဗန်ကောက်ပြပွဲကို ကျင်းပရန် စီစဉ်ထားပြီး ကိုရီးယား ပို့ကုန်လုပ်ငန်းရှင် ၂၀၀ ကျော် ပါဝင်သွားရန် မျှော်မှန်းထားကြောင်း သိရသည်။

ထိုင်းနိုင်ငံ၌ ကိုရီးယားယဉ်ကျေးမှုနှင့် အစားအစာများ၏ လွှမ်းမိုးထားမှုကို အခြေခံ၍ ကိုရီးယားပို့ကုန် လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းသစ်များ ပိုမိုဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ထိုင်းနိုင်ငံ၌ ပြပွဲစီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Source: www.bangkokpost.com ၊

စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

https://myantrade.gov.mm

## ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ လတ်ဆတ်သောအုန်းသီးများ တင်ပို့ရန် အမှာစာများ ရရှိ

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ လတ်ဆတ်သောအုန်းသီးများတင်ပို့ရန် ခွင့်ပြုချက်ရရှိပြီး နှစ်လအကြာတွင် ဗီယက်နမ်ကုမ္ပဏီအများအပြားသည် တရုတ်နိုင်ငံမှ အမှာစာများ ရရှိခဲ့ကြောင်းသိရသည်။

ဗီယက်နမ် အုန်းသီးအသင်း၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Cao Ba Dang Khoa ၏ ပြောကြားချက်အရ ကုမ္ပဏီကြီးအများအပြားသည် တရုတ်နိုင်ငံသို့ လတ်ဆတ်သောအုန်းသီး ကွန်တိန်နာ ၃၀ မှ ၅၀ တင်ပို့ရန် စာချုပ်များ ချုပ်ဆိုခဲ့ပြီး တစ်ခုလျှင် ၁၅၀၀ ဖြင့် အမှာစာလက်ခံရရှိထားကြောင်း၊ အဆိုပါဈေးကွက်သည် ဗီယက်နမ်အုန်းသီးများ တင်ပို့ရန်အတွက် အပြုသဘောဆောင်သည့် လက္ခဏာဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြုခဲ့သည်။

အုန်းသီးတင်ပို့သူ GC Food ၏ ဥက္ကဋ္ဌဖြစ်သူ ငုယင်ဗန်သူက ၎င်း၏ကုမ္ပဏီအနေဖြင့် နိုင်ငံတကာကုန်စည်ပြပွဲများတွင် တွေ့ဆုံခဲ့သည့် ဖြစ်နိုင်ခြေရှိသော တရုတ်ဝယ်လက်များထံ နမူနာပေးပို့ထားပြီး အုန်းသီးနှင့်အတူ ရှားစောင်းလက်ပပ်ကိုလည်း တင်ပို့နိုင်ရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

အုန်းသီးတင်ပို့ရောင်းချသည့် Vina T&T Group ၏ CEO ဖြစ်သူ Nguyen Dinh Tung က တရုတ်နိုင်ငံသို့ တင်ပို့မှုသည် လာမည့်နှစ်တွင် ကုမ္ပဏီရောင်းအား၏ ၁၅ ရာခိုင်နှုန်းကို ရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ မကြာသေးမီက ကုန်စည်ပြပွဲများတွင်ဆုံတွေ့ခဲ့သည့် တရုတ်နိုင်ငံမှ တင်သွင်းသူအများအပြားသည် အုန်းသီးဝယ်ယူမှုနှင့်ပတ်သက်၍ မေးမြန်းရန် ၎င်း၏ ကုမ္ပဏီထံ ဆက်သွယ်ခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

တရုတ်နိုင်ငံသို့ တင်ပို့ရန် ခွင့်ပြုချက်ဖြင့် အုန်းသီးစိုက်ပျိုးသည့် ဧရိယာခြောက်ခုနှင့် ထုပ်ပိုးသည့် စက်ရုံတစ်ခုရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

EU၊ အမေရိကန်၊ ကနေဒါနှင့် တောင်ကိုရီးယား စသည့် ဈေးကွက်များစွာတွင် ဝယ်လိုအားရှိနေသည့် ဗီယက်နမ်အုန်းသီးမျိုးကွဲများသည် ၎င်း၏ အချိုဓာတ်ကြောင့် ထိုင်းနိုင်ငံမှ အုန်းသီးများနှင့် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

တရုတ်စားသုံးသူများသည် အုန်းနို့၊ ခရင်မ်နှင့် ဂျယ်လီကဲ့သို့သော အုန်းမှထုတ်လုပ်သည့် ထုတ်ကုန်များကို ကြိုက်နှစ်သက်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် သတ္တမမြောက် အုန်းသီးအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး စိုက်ပျိုးဧရိယာ ဟက်တာ ၂၀၀,၀၀၀ ဝန်းကျင်ရှိကာ သုံးပုံတစ်ပုံမှာ အမေရိကန်နှင့် ဥရောပစံနှုန်းများနှင့် ကိုက်ညီပြီး အဓိကအားဖြင့် အလယ်ပိုင်းကမ်းရိုးတန်းနှင့် မဲခေါင်မြစ်ဝကျွန်းပေါ် ဒေသများတွင် ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်အုန်းသီး တင်ပို့မှု ပမာဏသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံအထိ ရှိမည်ဟု ခန့်မှန်းထားပြီး တရုတ်နိုင်ငံသို့ လတ်ဆတ်သောအုန်း တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ရှိကြောင်း သိရသည်။

ထိုင်းထုတ်ကုန်များ၏ ဈေးနှုန်းနိမ့်ကျမှုသည် စိန်ခေါ်မှုတစ်ခုဖြစ်လာနိုင်ပြီး စီးပွားရေးလုပ်ငန်းများသည် တရုတ်စားသုံးသူများအကြား ယုံကြည်မှုတည်ဆောက်ရန်အတွက် ယှဉ်ပြိုင်ဈေးနှုန်း၊ ထုပ်ပိုးမှုနှင့် အရည်အသွေးအပေါ် အာရုံစိုက်ရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

**Source : VN Express International**

**(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟန္နိုင်းမြို့)**

https://myantrade.gov.mm

## STOCK EXCHANGE (23.10.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,013 (Shares) | 82,640,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 96 | 816,000 | 33,109,694 | 281,432 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,350 | 3,350 | 3,300 | 2,150 | 7,102,000 | 38,929,150 | 128,466 |
| MCB | 00003 | 8,500 | +100 | +1.19% | 8,500 | 8,500 | 8,500 | 3 | 25,500 | 10,400,986 | 88,408 |
| FPB | 00004 | 2,100 | +100 | +5.00% | 2,000 | 2,100 | 2,000 | 1,752 | 3,669,400 | 29,664,613 | 62,296 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 65 | 182,000 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,325 | 2,225,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,400 | +0 | +0.00% | 4,400 | 4,400 | 4,400 | 7 | 30,800 | 10,497,598 | 46,189 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,350 | 3,400 | 3,350 | 615 | 2,090,250 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 23rd Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 401.66 | +1.10 | +0.27% | 399.93 | 401.66 | 399.53 | 6,013 | 16,140,950 | 8 | 757,594 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Oct. 2024

| Trading Volume | Trading Value |
|---|---|
| 26,013 (Shares) | 82,640,950 (MMK) |

## Main Board

As of 1:00 pm, 23rd Oct. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,013 (Shares) | 82,640,950 (MMK) |

| MYANPIX | 401.66 ▲ 1.10 |
|---|---|
| Total Volume (shares) | 6,013 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 757,594 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 8,500 | ▲ 100 |
| FPB | 00004 | 2,100 | ▲ 100 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,400 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 0 |